ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၂ – ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ခနိမ်းဖော်ကျေးရွာအုပ်စု၊ ကော့ပလံကျေးရွာ၊ ကော့ကရိတ်မြို့နယ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ခနိမ်းဖော်ကျေးရွာအုပ်စု၊ ကော့ပလံကျေးရွာ

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃၊ဖေဖော်ဝါရီလ

မာတိကာ

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်းစုနှင့် လူဦးရေ။<br>၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ<br>၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ ပိုင်ဆိုင်မှု မြေရေယာနှင့်သဘာဝ သယံဇာတများ။<br>၄.၈။ အခြားသတင်းအချက်အလက်များ။ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြစ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ<br>၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)<br>၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)<br>၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)<br>၆.၄။ ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)<br>၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)<br>၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။ |


| | |
|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ |

| | |
|---|---|
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၃ (PC – 3) |
| ၁၂။ | ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ် |

# ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ခနိမ်းဖော်ကျေးရွာအုပ်စု)




၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ခနိမ်းဖော် | ၂၃၁ | ၈၈၃ | ၈၈၈ | ၁၇၇၁ |
| ၂။ | ကော့ကျိုက် | ၁၂၉ | ၃၈၈ | ၃၈၆ | ၇၇၄ |
| ၃။ | ကော့ပလံ | ၁၈၆ | ၆၃၅ | ၆၃၄ | ၁၂၆၉ |
| ၄။ | ကော့ရေခါး | ၂၁၃ | ၅၅၄ | ၆၀၉ | ၁၁၆၃ |
| ၅။ | နောင်ဟင် | ၁၆၂ | ၅၅၂ | ၅၈၁ | ၁၄၃၃ |

၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

၄.၁။ ကျေးရွာသမိုင်းကြောင်း။

ကော့ပလန်ကျေးရွာသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့မြောက်ပိုင်းတွင် တည်ရှိသော ရွာလေးတစ်ရွာဖြစ်သည်။ ကော့ပလံဟူသောအမည်သည် (ကိုပလောင်) ကော်ဝ်ပွင် ဟူသော ဝေါဟာရမှ ဆင်းသက်လာပြီးကရင်တိုင်းရင်းသားများစုပေါင်းနေထိုင်သော ရွာလေးတစ်ရွာ

ဖြစ်သည်။ (ကောဝ်)ကို တော (သို့) ကျွန်းဟုမြန်မာလိုအဓိပ္ပာယ်ရပြီး (ပွင်) ကို ဘာမှမရှိ ဟုအဓိပ္ပာယ်ထွက်ပါသည်။ ကော်ဝ်ပွင် ဟူသော စကားလုံး၏ အဓိပ္ပာယ်အပြည့်အစုံမှာ တောကိုခုတ်ထွင် ရှင်းလင်းသောရွာ (သို့) ရပတ်လည်ဝိုင်းသောကျွန်းဟု အဓိပ္ပာယ်ရပါသည်။

ရှေးလူကြီးများအဆိုအရ ဤရွာသို့တောင်ယာလာခုတ်ကြပြီး တဲဆောက်ကာ နေထိုင် လာခဲ့ကြသည်။ ဆယ်နှစ်ကျော်ကြာလာသောအခါ တဲစုမှတစ်ဆင့် အိမ်များတည်ဆောက်ကာ ရွာအဖြစ်စုပေါင်း နေထိုင် ကြပါသည်။ ရွာ၏အရှေ့ဘက်တွင် ဒေါနတောင်တန်းကြီးနှင့် ကော့ ပလန်တောင်တည်ရှိပြီး အနောက်ဘက်တွင် လယ်ကျွန်းများ၊ ကော့ခေ့ဘောင်ခေါ် တောကြီးနှင့် ဂျိုင်းမြစ်စီးဆင်းလျက်ရှိပါသည်။ ရွာ၏တောင်ဘက်တွင် တောင်တန်းနှင့် ကော့ရေခါးကျေးရွာ ၊နောင်ဟင်ရွာတည်ရှိပြီး ရွာဘေးတွင် ပအွယ်ချောင်းဖြတ်ကာ ၎င်းချောင်းပေါ်တွင် ကိုယ်ထူ ကိုယ်ထ ကြိုးတံတား တည်ဆောက်ထားပါသည်။ ကော့ပလံရွာနှင့် ရွာသစ်ကုန်း ရွာကြား ပေ ၄၀၀ ရှည်သောကိုယ်ထူကိုယ်ထ တံတားလည်းရှိပါသည်။ ရွာ၏မြောက်ဘက်တွင် လယ်ကွင်း ပြင်ကို ကျော်ဖြတ်၍ လှိုင်းဘွဲ့မြို့နယ်၏အစ ကျိုက်ပေါင်ရွာတည်ရှိသလို ကော့ကရိတ်မြို့၏ နယ်နမိတ်အဆုံး ပတချောင်းစီးဆင်းလျက်ရှိသည်။

ကော့ပလံရွာသည် အဓိကလယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးကြပါသည်။ အင်းအိုင်၊ ချောင်းမြောင်း များသောကြောင့် ကျွဲ၊ နွား များစွာမွေးမြူသည်ြလို သားငါး မရှားသော ရွာတစ်ရွာ ဖြစ်သည်။

ကော့ပလံရွာသည်လွန်ခဲ့သသောနှစ်ပေါင်းများစွာပင်အစိုးရမူလတန်းကျောင်းတည်ရှိခဲပ ါသည်။ကော့ပလံရွာသည်ကရင်ပြည်နယ်ဂုဏ်ဆောင်အားကစားသမားများစွာမွေးထုတ်ပေးေ ေသလို ကရင်စာပေနှင့် ယဉ်ကျေးမှုတို့ထွန်းကားရာရွာလည်းဖြစ်သည်။

ကော့ပလံရွာသည် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့၏ မီတာ (၂၀၀)၊ မီတာ (၄၀၀) (ပထမ) ၊ မီတာ ၈၀၀ (ဒုတိယ) ဆုရှင်စောအောင်ဆန်းကြည်ကိုမွေးထုတ်ပေးခဲ့သလို ကရင်ပြည်နယ်၏ အထက်တန်း၊ အလွတ်တန်း၊ အမြင့်ခုန်ချန်ပီယံ စောမြင့်စိုး၏ အားကစားလေ့ကျင့်ရာ ဌာနဖြစ်သည်၊ ကရင်ပြည်နယ်၏ အပြေးမြန်ဆုံးချန်ပီယံ မီတာ ၁၀၀၊မီတာ၂၀၀၊ မီတာ ၄၀၀ ပထမဆုရှင်စောကျော်ဝင်းထွဋ်၏ အားကစားကွင်းလည်းဖြစ်ပါသည်။

ကော့ပလံရွာသည် ပြေးခုန်ပစ်သာမက ကရင်ပြည်နယ်၏ အကောင်းဆုံးဂိုးသမားဆုရှင် စောမြင့်စိုး၊ အကောင်းဆုံးအလယ်တန်းဆုရှင် စောသန်းဝင်းတင် စသည့်ကရင်ပြည်နယ် ယူ–၁၈ လက်ရွေးစင် (၈) ယောက်၊ ယူ–၁၇ လက်ရွေးစင် (၆) ယောက်နှင့်ပြည်နယ်အတွက် အားကစား သမားများစွာ မွေးထုတ်ပေးနေသော ရွာလေးတစ်ရွာဖြစ်သည်။

ကရင်ရိုးရာယဉ်ကျေးမှုအရကရင်ပြည်နယ်၏အဆင့်မြင့်ဆုံးဒုံးပြိုင်ပွဲပြည်နယ်ပြိုင်ပွဲနေ့၌ ကော့ကရိတ် မြို့နယ် ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပဥ္စမဆု (၂) ကြိမ်၊ အတိုး တက်ဆုံးဆုတို့ကို ပိုင်ဆိုင်ခဲ့သော ရွာလေးတစ်ရွာဖြစ်သည်။

ကော့ပလံရွာ၏ကျော်ကြားခြင်းသည် အဓိက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏

ပရဟိတ ပညာရေးဌာနဖြစ်ပါသည်။ ကော့ပလံ ဘ/က ကျောင်းတွင် ကရင်ပြည်နယ် အတွင်းဆင်းရဲနွမ်းပါးသော ကလေးများသာမက မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း အထိပင် ပညာသင်ကြားလျက်ရှိသော ကျောင်းအိပ်ကျောင်းစား ကျောင်းသား/သူ (၃၀၀)ကျော် အထိရှိပါသည်။

ကော့ပလံကကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ထွန်းကားသော ရွာလေး တစ်ရွာ ဖြစ်ပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။

ကော့ပလန်ကျေးရွာတွင် အိမ်ထောင်စု (၁၈၆) စု ရှိပါသည်။ ကျေးရွာအတွင်းနေ ထိုင်သောလူဦးရေမှာ အမျိုးသား (၆၃၅)ဦး၊ အမျိုးသမီး (၆၃၄)ဦး၊ စုစုပေါင်း (၁၂၆၉)ဦးရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်း မှာ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ကောက်ထားသော စာရင်းဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကော့ပလန်ကျေးရွာတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးစုမှာ ကရင်လူမျိုးဖြစ်ပါသည်။ ကရင်လူမျိုး  အိမ်ထောင်စု (၁၈၆) စုတွင် အမျိုးသား (၆၃၅)ဦးနှင့် အမျိုးသမီး (၆၃၄)ဦး စုစုပေါင်း (၁၂၆၉)ဦး ရှိပါသည်။

## ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ကော့ပလန်ကျေးရွာကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ် နှင့် အထက်) (၅၅) ဦး၊ မသန်စွမ်း (၄) ဦးတို့ရှိ ပါသည်။

## ၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ

ကော့ပလန်ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ ဘ.ကကျောင်း (၁) ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ စေတီတို့ရှိပါသည်။

## ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုး လုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများဖြစ်ပါသည်။

## ၄.၇။ ပိုင်ဆိုင်မှု မြေဧရိယာနှင့်သဘာဝ သယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွား တို့ရှိပါသည်။

## ၄.၈။ အခြားသတင်းအချက်အလက်များ။

အပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊

အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ဌာနများ နှင့်လည်းချိတ်ဆက်မှုရှိပါသည်။


**၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြစ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။**

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | ၃၅ | ၆၅ | ၁၀၀ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |
| ၂ | **ရာသီခွင်ပြ – ပြက္ခဒိန်** | ၃၅ | ၆၅ | ၁၀၀ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | ၃၅ | ၆၅ | ၁၀၀ | အဆင်မပြေသောအိမ်ထောင်စု (၁၀၁)စု၊ အလုပ်အကိုင်ရှားပါးခြင်း၊ကျန်းမာရေး၊ ပညာရေး။ |
| ၄ | **ပင့်ကူအိမ် (ကျား–မရေးရာ)** | ၃၅ | ၆၅ | ၁၀၀ | ပညာတတ်မြောက်မှု၊ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများ ဝင်ငွေရအလုပ်အကိုင်မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | ၃၅ | ၆၅ | ၁၀၀ | အပ်ချုပ်စက် အမျိုးသမီးများသုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ ထော်လာဂျီ မြက်ရိတ်စက်၊ စက်တပ်လှေ၊ အမျိုးသားများသုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ ရေတွင်း၊ ဘုန်းကြီးကျောင်း၊ လယ်၊ နွား တို့ကို အမျိုး သား၊ အမျိုးသမီးတို့က သုံးစွဲ ကြသည်။ |


| | | | | | |
|---|---|---|---|---|---|
| **၆** | **အဖွဲ့အစည်းချိတ်ဆက်မှု** | ၃၅ | ၆၅ | ၁၀၀ | ကျေးရွာတွင်း အုပ်ချုပ်ရေးအဖွဲ့မှ ဩဇာလွှမ်းမိုး၊ ကျေးရွာပြင်ပတွင် Phase M လွှမ်းမိုးမှု များသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ


### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)



မြို့နယ် - ကျောက်ကြီး
ရက်စွဲ - 19.6.2020


ကျေးရွာ - ကျောပလဲ
အုပ်စု - [illegible]

[illegible] ကြွယ်ဝမှုပြ[illegible]


| အမျိုးအစား | သတ်မှတ်ချက် / ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေ | [illegible] | 20 | 11% |
| အလယ်အလတ် | [illegible] | 67 | 36% |
| မပြေလည် | [illegible] | 100 | 53% |
| | | 187 | 100% |

ပါဝင်ဆွေးနွေးသူ - ကျား - 35 + မ - 65 - စုစုပေါင်း = 100 ဦး

## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)




၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



ရက်စွဲ - 19.6.2020

ကျေးရွာ - ကော့ပလဲ
အုပ်စု - ဒိုင်းဖော်

ပိုင်ဆိုင်မှု၊ သုံးသပ်ခြင်း

အရင်းအမြစ် သုံးစွဲမှု၊ ထိန်းချုပ်မှုဇယား

| သုံးစွဲသူ | | | ထိန်းချုပ်သူ | | |
|---|---|---|---|---|---|
| ကျား | မ | ကျား+မ | ကျား | မ | ကျား+မ |
| - ထွန်စက်<br>- ငွေ | အပ်ချုပ်စက် | ချောင်း<br>ရေတွင်း<br>လမ်း၊ တံတား<br>စာသင်ကျောင်း<br>ဘုန်းကြီးကျောင်း<br>ကား<br>ဆိုင်ကယ်<br>စက်ဘီး<br>ဆေးရုံ၊ [illegible]<br>ဖုန်း၊ ရေဒီယို၊ TV<br>[illegible] | ထွန်စက်<br>ငွေ<br>ရေတွင်း<br>ကား<br>ဆိုင်ကယ် | အပ်ချုပ်စက် | - ချောင်း<br>လမ်း၊ တံတား<br>စာသင်ကျောင်း<br>ဘုန်းကြီးကျောင်း<br>စက်ဘီး<br>ဆေးရုံ၊ [illegible]<br>ဖုန်း၊ ရေဒီယို၊ TV<br>[illegible] |

ပါဝင်ဆွေးနွေးသူ - ကျား - 35 - မ - 65 ပ - 100 ဦး

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)


မြို့နယ် - ကော့ကရိတ်
အုပ်စု - ဒုံးဖော်

ကျေးရွာ - ကော့ပလဲ
ရက်စွဲ - ၁၉ . ၆ . ၂၀၂၀

# အဖွဲ့အစည်းချိတ်ဆက်မှု




ပါဝင်ဆွေးနွေးသူ - က ( 85 ) + မ ( 65 ) = ( 100 ) ဦး




၇။ **ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။**

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ကော့ပလံကျေးရွာတွင်လယ်ယာအဓိကလုပ်ကိုင်စားသောက်ကြသည်။<br>လယ်ယာကိုသီတင်းကျွတ်မှ၊တန်ခူးထိ |

| | | |
|---|---|---|
| | | (ရေလိုက်နှင့်မယင်း)လုပ်ကိုင်ကြသည်။<br>အခြားဒေသမှလာရောက်လုပ်ကိုင်ကြသည်(ပဲခူးတိုင်း)စပါးစိုက်ချိန်သာ။<br>ကျေးရွာပြင်ပသို့သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။အဓိက–ထိုင်း<br>လွန်ခဲ့သော(၅)နှစ်မှယခုအချိန်ထိစားကုန်သောက်ကုန်ရှားပါးလာသည်။ |
| ၂ | **ရာသီခွင်ပြ – ပြက္ခဒိန်** | လယ်၊မွေးမြူရေး၊ဈေးရောင်းအဓိကအသက်မွေးဝမ်းကြောင်းဖြစ်သည်။<br>အမျိုးသားအိမ်ထောင်ဦးစီးနှင့်အမျိုးသမီးအိမ်ထောင်ဦးစီးသည်ဝင်ငွေမတူညီပါ။အမျိုးသားအိမ်ထောင်ဦးစီးသည်အလုပ်အကိုင်အခွင့်အလမ်းများခြင်း၊အမျိုးသမီးအိမ်ထောင်ဦးစီးသည်အလုပ်အကိုင်အခွင့်အလမ်းနည်းသောကြောင့်ဖြစ်သည်။<br>နေ့စားလုပ်အားခသည်အမျိုးသမီးနှင့်အမျိုးသားဝင်ငွေမတူညီပါ။<br>အိမ်မှုကိစ္စလုပ်ရခြင်း၊ကလေးထိန်းရခြင်း၊ကျန်းမာရေးမကောင်းခြင်း၊အရင်းအနှီးမရှိခြင်း။<br>ဝါဆို၊ဂ ါခေါင်လသည်လမ်းအပျက်များဆုံးလဖြစ်သည်။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | မပြေလည်တဲ့အိမ်ထောင်စုသည်(၁၀၀)ဖြစ်သည်။<br>မြေလယ်ယာမရှိခြင်း၊အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း၊အားကိုးမဲ့သူမရှိခြင်း၊ကျန်းမာရေးမကောင်းခြင်း၊အရင်းအနှီးမရှိခြင်း။<br>အစီအစဉ်ရေးဆွဲရာတွင်မပြေလည်အိမ်ထောင်စုတွေအတွက်အားလပ်တဲ့လတွေကိုစဉ်းစားပြီးအစီစဉ်ရေးဆွဲခြင်း။<br>လမ်း၊ကျောင်းတည်ဆောက်ခြင်းဖြင့်စားဝတ်နေရေးအတွက်အဆင်ပြေခြင်း။ |
| ၄ | **ပင့်ကူအိမ် (ကျား–မရေးရာ)** | အမျိုးသား/သမီးတန်းတူဖြစ်သောအရာများမှာ– |

| | | |
|---|---|---|
| | | ဆုံးဖြတ်ချက်ချနိုင်မှု၊အလုပ်အကိုင်အခွင့်အလမ်း၊လုံခြုံမှု၊ကျန်းမာရေးစောင့်ရှောက်မှု၊ဝင်ငွေရှာဖွေရှာနိုင်မှု၊အမျိုးသား/သမီးတန်းတူလုပ်အားခရသည်။<br>အိမ်မှုကိစ္စတွင်အမျိုးသားများကအပြင်အလုပ်လုပ်ကိုင်ရသောကြောင့်ရာခိုင်နှုန်းနည်းရခြင်းဖြစ်သည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | အမျိုးသမီးအသုံးပြုသောအရင်းအမြစ်များမှာချောင်း၊ရေတွင်း၊တံတား၊လမ်း၊စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊စာကြည့်တိုက်၊ဘိုးဘွားရိပ်သာ၊ကား၊ဆိုင်ကယ်၊လှေ၊စက်ဘီး၊မွေးမြူရေးတိရိစ္ဆာန်၊ဖုန်းရေဒီယို၊TV၊စလေဝင်းများဖြစ်သည်။<br>အမျိုးသားအသုံးပြုသောအရင်းအမြစ်များမှာချောင်း၊ရေတွင်း၊အင်း၊တံတား၊လမ်း၊စာသင်ကျောင်း၊ဘုန်းကြီးကျောင်း(ဘ.က)၊စာကြည့်တိုက်၊ဘိုးဘွားရိပ်သာ၊ကား၊ထွန်စက်၊ဆိုင်ကယ်၊လှေ၊စက်ဘီး၊မွေးမြူရေးတိရိစ္ဆာန်ဖုန်းရေဒီယို၊TV၊စလေဝင်းများဖြစ်သည်။<br>အရင်းအမြစ်များကိုအမျိုးသမီး၊အမျိုးသားတန်းတူဆုံးဖြတ်ချက်ချသည်။<br>အမျိုးသမီးများကအသုံးပြုပြီးအမျိုးသားများထိန်းချုပ်မည်ဆိုလျှင်ပျက်စီးမှုများပြီးအလေအလွင့်များသောပြဿနာများကြုံရပါမည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | အပျိုး၊လူပျိုအဖွဲ့၊ဝေယျာဝစ္စအဖွဲ့၊ဓမ္မကြာအဖွဲ့၊အိုးသူကြီးများတွင်အမျိုးသမီးများပါဝင်သည်။သာရေးနာရေးကိစ္စများတွင်ဂေါပကအဖွဲ့သည်အဓိကဦးဆောင်သည်။<br>ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ဂေါပကအဖွဲ့နှင့်အုပ်ချုပ်ရေးအဖွဲ့သည်အဓိကဦိးဆောင်သည်<br>။ |

| | | | |
|---|---|---|---|
| | | | NGO၊အစိုးရအဖွဲ့အစည်းများသည်အုပ်ချုပ်ရေးအဖွဲ့မှတဆင့်ချိတ်ဆက်ဆောင်ရွက်သည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာကော်မတီဝင်စာရင်းများ

| စဉ် | အမည် | ကျား/မ | အသက် | ရာထူး |
|---|---|---|---|---|
| ၁ | ဦးကျော်လွင် | ကျား | ၆၅ | နယက |
| ၂ | စောကျော်ဆူးဘော် | ကျား | ၃၀ | ဥက္ကဋ္ဌ |
| ၃ | ဒေါ်မဝင်းတင် | မ | ၄၅ | ဝယ်ယူရေးဥက္ကဋ္ဌ |
| ၄ | ဦးတရုတ်လေး | ကျား | ၅၆ | အတွင်းရေးမှူး |
| ၅ | ဒေါ်ချိုမြင့် | မ | ၄၇ | စာရင်းကိုင် |
| ၆ | ဦးပုံးလုံး | ကျား | ၅၈ | ဘဏ္ဍာရေးမှူး |
| ၇ | ဦးမြင့်ခင် | ကျား | ၅၀ | အဖွဲ့ဝင် |
| ၈ | ဒေါ်မိသန်းဆွေ | မ | ၅၄ | အဖွဲ့ဝင် |

၁၀. ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ–၁ (PC – 1)

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင်အမည် ဦးကျော်လွင် | ကျေးရွာခေါင်းဆောင် ဖုန်းနံပါတ်–၀၉၂၅၅၉၅၇၄၁၇ | လူထုစည်းရုံးရေးမှူးအမည်– နော်မေရီယာဖော် | |
| ပြည်နယ်–ကရင် | မြို့နယ် – ကော့ကရိတ် | ကျေးရွာအုပ်စု– ခနိမ်းဖော် | ကျေးရွာ– ကော့ပလံ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၈၆ | ဗုဒ္ဓ | ၁၈၆ |
| လူမျိုးစု (၂)…………………….. | | | |
| လူမျိုးစု (၃)…………………….. | | | |
| လူမျိုးစု (၄)…………………….. | | | |
| အခြား ………………………… | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၄ |
| သက်ကြီးရွယ်အို (၆၅နှစ် နှင့်အထက်) | ၅၅ |
| စစ်ဘေးရှောင် | ၉ |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၆၃၅ | ၆၃၄ | ၁၂၆၉ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |
| အိမ်ထောင်ဦးစီး | ၁၄၄ | ၄၂ | ၁၈၆ |

ခ။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | √ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်း | √ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | √ | အခြား | | ဗလီ | |
| မှတ်ချက် ဘကကျောင်င်း | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်း သို့ အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်း ဆရာ/မ | | | ဆရာဝန် | | | လက်သ မား | √ | |
| အလယ်တန်း ဆရာ/မ | | | ကျန်းမာ ရေးမှူး | | | ပန်းရံ | √ | |
| မူလတန်း | √ | √ | ကျန်းမာရေး | | | လျှပ်စစ် | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဆရာ/မ | | | ဆရာမ | | | ကျွမ်းကျင် | | |
| မူကြို ဆရာ/မ | | | သားဖွား ဆရာမ | | | ရေပိုက် သွယ် | | |
| အခြား | √ | √ | ကျန်းမာရေး လုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသော လမ်းအခြေအနေ

ကျောက်ကြမ်းလမ်း ကတရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ------------------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁။ လူထုဗဟိုပြုစီမံကိန်းမစတင်မှီ ကျေးရွာတွင် ဖွံ့ဖြိုးရေး ---------- ရှိပါသည်/မရှိပါ/မသိပါ
စီမံချက်ရှိခဲ့ပါသလား?

၂။ ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ?----------- (.....)/ မသိပါ

၃။ ထိုစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား--------------------- ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁။ ကျေးရွာ၏ဗဟိုမှ အုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။--------- (၁.၅)မိုင်/မသိပါ

၂။ ကျေးရွာမှ အုပ်စုရွာသို့သွား/လာရာတွင် အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၁၅မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

မိုးရာသီကြာချိန် ၁၅မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

.......မရှိပါ/ .........ရှိပါသည်/ ရှိလျှင်ဖော်ပြပါ ................................

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မှီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသော အဖွဲ့များရှိပါသလား?

(၁) မရှိပါ။ (၂) ------------------------------------------

(၃) ---------------------------------- (၄) ------------------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း။

..........မရှိပါ။ ............ရှိပါသည်။

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – နော်မေရီယာဖော | | | |
| နေ့စွဲ -၁၉.၆.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..)<br>စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ်– ကရင် | မြို့နယ်– ကော့ကရိတ် | အုပ်စု– ခနိမ်းဖော် | ကျေးရွာ– ကော့ပလံ |

(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ရွာတွင်းလမ်းမကောင်းသောကြောင့်ကျောင်းသူ/သားများ ကျေးရွာလူထုများမိုးတွင်းအခါဗွက်ထခြင်းနွေရာသီတွင်ဖုန်ထခြင်းကြောင့်သွားလာရခက်ခဲခြင်း။ | ကျား ... | မ.... | ကျား+မ (√) |
| ရွာချင်းဆက်လမ်းမကောင်းသောကြောင့်တစ်ရွာနှင့်တစ်ရွာ သွားလာရာတွင်ပညာရေး၊လူမှုရေး၊ကျန်းမာရေး၊စီးပွားရေး၊ တွင်သွားလာရခက်ခဲခြင်း။ | ကျား ... | မ.... | ကျား+မ (√) |
| ဆေးပေးခန်းမရှိသည့်အတွက်ကျေးရွာလူထုများနေမကောင်း သည့်အခါအချိန်မှီမကုသနိုင်သည့်အတွက်ခက်ခဲရှိသည်။ | ကျား ... | မ.... | ကျား+မ (√) |
| ဆိုလာမီးမရှိသောကြောင့်ကလေးများစာဖတ်ရာတွင်လည်းေ ောင်းညဘက်သွားလာရာတွင်လည်းကောင်းအန္တရာယ်ရှိခြ င်း။ | ကျား ... | မ (√) | ကျား+မ |
| ကျောင်းသုံးပရိဘောဂမရှိသောကြောင့်စာရွက်စာတမ်းထိန်း သိမ်းရန်ခက်ခဲရှိခြင်း။ | ကျား ... | မ (√) | ကျား+မ ... |

| | | | |
|---|---|---|---|
| ရေးထိန်းတံတားမရှိသည့်အတွက်လယ်လုပ်ရာတွင်ရေလုံေ ောက်စွာမရှိခြင်း၊မွေးမြူရေးတိရိစ္ဆာန်တွက်သောက်သုံးရေ အခက်ခဲရှိခြင်း။ | ကျား (√) | မ | ကျား+မ … |

## (ခ) မျှော်မှန်းခြင်း – နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ရွာတွင်းလမ်းကောင်းလာလျှင် ကျောင်းသူ/သားများကျေးရွာလူထုများမိုးတွင်းအခါ သွားလာရေးအဆင်ပြေလာမည်။ | ကျား … | မ…. | ကျား+မ (√) |
| ရွာချင်းဆက်လမ်းကောင်းလာလျှင်တစ်ရွာနှင့်တစ်ရွာသွားလ ာရေး၊လူမှုရေး၊ကျန်းမာရေး၊စီးပွားရေးအတွက်အဆင်ပြလာ မည်။ | ကျား … | မ…. | ကျား+မ (√) |
| ဆေးပေးခန်းရှိလာလျှင် ကျေးရွာလူထုများနေမကောင်း သည့် အခါအချိန်မှီကုသနိုင်မည်။ | ကျား … | မ…. | ကျား+မ (√) |
| ဆိုလာမီးရှိလာလျှင် ကလေးများစာကျက်ရာတွင်လည်းကောင်း၊ညဘက်သွားလာ ရာတွင်လည်းကောင်းအန္တရာယ်ကင်းစွာသွားလာနိုင်မည်။ | ကျား … | မ (√) | ကျား+မ … |
| ကျောင်းသုံးပရိဘောဂရှိလာလျှင် စာရွက်စာတမ်း ထိန်းသိမ်း ရန် အဆင်ပြေလာမည်။ | ကျား … | မ (√) | ကျား+မ … |
| ရေထိန်းတံတားရှိလာလျှင် စိုက်ပျိုးရေးအတွက်လည်းကောင်း၊မွေးမြူရေးတွက်လည်းေ ောင်းအဆင်ပြေလာမည်။ | ကျား (√) | မ | ကျား+မ … |

## (ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ၄ နှစ်တာအတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့် သတ်မှတ် ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ငန်းအစီအစဉ် များ | အဆိုပြု သူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန် ကျ စရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ကွန်တွင်းလမ်းကွန် ကရစ်ခင်းခြင်း | က+မ | လမ်းပန်းဆက် သွယ်ရေး | ၁၆၀၀၀၀၀၀ | ၆၃၅ | ၆၃၄ | ၁၂၆၉ |
| ၂ | ရွာချင်းဆက်ကျော က်ခင်းလမ်းခင်း ခြင်း(ကော့ပလံ– တောင်နား– ခနိမ်းဖော်– ကော့ရေခါး) | က+မ | လမ်းပန်းဆက် သွယ်ရေး | ၈၂၀၀၀၀၀၀ | ၆၃၅ | ၆၃၄ | ၁၂၆၉ |
| ၃ | ကျေးရွာဆေးပေးခ န်းရရှိရေး | က+မ | ကျန်းမာရေး | ၅၀၀၀၀၀၀၀ | ၆၃၅ | ၆၃၄ | ၁၂၆၉ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ဆိုလာမီးရရှိရေး | မ | မီးလင်းရေး | ၂၀၀၀၀၀၀၀ | ၆၃၅ | ၆၃၄ | ၁၂၆၉ |
| ၅ | ရေထိန်းတံတား | က | အခြား | | ၆၃၅ | ၆၃၄ | ၁၂၆၉ |
| | | | | | | | |
| | | | | | | | |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အအတွက် အကျုံးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ |
|---|---|---|---|
| ၁ | ကျောင်းသုံးပရိဘောဂရရှိရေး | မ | ပညာရေး |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ကျေးရွာအုပ်စု = ခနိမ်းဖော်အုပ်စု

ကျေးရွာ = ကော့ပလံကျေးရွာ

တက်ရောက်သူဦးရေ = ကျား(၃၀)+မ(၃၀)=(၆၀)ဦး

နေ့စွဲ = ၈.၈.၂၀၂၂

နေရာ = ဘုန်းကြီးကျောင်း

အစည်းအဝေးခေါင်းစဉ် = (ပထမ/ဒုတိယ)အကြိမ်အစည်းအဝေး

ဆွေးနွေးသည့်အကြောင်းအရာ။ စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ ပြန်လည်ဆွေးနွေး

ပြောပြခြင်း

ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီ စီမံကိန်းဝန်ထမ်းမှ စီမံကိန်းအကြောင်း နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာလူထုအားအုပ်စု (၂)စုခွဲပြီး ကျေးရွာမြေပုံ၊ ပိုင်ဆိုင်မှု၊ ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြဇယား၊ ပင့်ကူအိမ်၊ ယင်းပုံစံများကို အုပ်စုလိုက် ဆွေးနွေးခြင်း၊ ကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ မျှော်မှန်းချက်နှင့် ဦးစားပေး အချက်အခဲများကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ကျေးရွာလူထု၏ အခက်အခဲများကို ဖော်ထုတ်ပြီး ပြဿနာသစ်ပင်ရေးဆွဲခြင်း၊ ဝေဖန်အကြံပြုတိုင်ကြားရေးစနစ် အကြောင်း၊ ကျား/မ ကဏ္ဍအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစေတနာ့ဝန်ထမ်းနှင့် ကော်မတီများ ပြန်လည်ရွေးချယ်ခြင်း ဖြစ်ပါသည်။

ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်းနှင့် ရည်ရွယ်ချက် များကို ကျေးရွာလူထု များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းပြီးနောက် ကျေးရွာလူထုအား အဖွဲ့(၂)ဖွဲ့ခွဲပြီး PRA Tools ပုံစံများကို အားလုံးပူးပေါင်း ပါဝင်၍ ပူးတွဲပါ မှတ်တမ်းများ နှင့်တကွ သဘောတူရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။

ပြုလုပ်သည့်အရာများ ၁။ ကျေးရွာမြေပုံရေးဆွဲခြင်း

၂။ ရာသီခွင်ပြဇယား

၃။ အဖွဲ့အစည်းချိတ်ဆက်မှု

၄။ ဥစ္စာခနေကြွယ်ဝမှုပြဇယား

၅။ ကျား/မပိုင်ဆိုင်မှုပြဇယား

၆။ ပင့်ကူအိမ်ပြဇယား စသည်တို့ကို ရေးဆွဲခဲ့ပါသည်။

ထို့နောက် ကျေးရွာ၏အခက်အခဲကို ပုံစံ(၃)တွင် ဖြည့်သွင်းခဲ့ပါသည်။အခက်အခဲတစ်ခုကို အခြေခံပြီး ပြသနာသစ်ပင်ကိုရေးဆွဲခဲ့ပါသည်။ ရေးဆွဲခဲ့သည့် ပြသနာသစ်ပင်မခက်အခဲများ၏ အကျိုးဆက် နှင့် ရလဒ်များကို ကျေးရွာလူထုများ ပါဝင်ဆွေးနွေးခဲ့ပါသည်။ပြသနာသစ်ပင်ရေးဆွဲပြီးနောက် အစည်းအဝေး တက်ရောက်လာသူများကို ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်း ခဲ့ပါသည်။

မှတ်တမ်းတင်သူ

မိခိုင်သဇင်မွန်/ငယ်ယာ-၃

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ်

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | စီမံချက်အမည် | အတိုင်းအတာ/ ကြိမ်ရေ/ဦးရေ | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ခနိမ်းဖော် | ကော့ပလံ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၅၀၀'x၁၀'x၆" | ၁၁.၀၇ | ၂၀၂၂-၂၀၂၃ VDP |
| | | | ရွာချင်းဆက်ကျောက်ချော လမ်းခင်းခြင်း(ကော့ပလံ-တောင်နား-ခနိမ်းဖော်-ကော့ရေခါး) | | | |
| | | | ကျေးရွာဆေးပေးခန်းရရှိရေး | | | |
| | | | ဆိုလာမီးရရှိရေး | | | |
| | | | ရေထိန်းတံခါး | | | |